လုံးချင်းဝတ္ထုသစ်

သိန်းမင်းစာပေ

# မုဒိတာလွှမ်းဝေ

## ယိမ်းနွဲ့လို့ယိုင်မိပါပြီ



ပန်းချီသိန်းရွှေကြည်

# (၁)

အညာဒေသ မန္တလေးမြို့၏ နေ့လယ်နေ့ခင်း အချိန်မှာ နေမင်းကြီးက အပူရှိန်တွေ တွန်းလွှတ်ပြီး ကောင်းကောင်း ကြီး အစွမ်းပြ နေပါတော့သည် ။

ကေအေပုံက နေ့ကလေးထိန်းကျောင်းတွင် ဆရာမလေးမို့ သူ့တာဝန်အတိုင်း နေ့လယ်ဘက်မှာ ကလေးတွေကို ချော့ပြီး အိပ်စေသည် ။

ကလေးတွေအားလုံး အိပ်သွားကြပြီမို့ သူနှင့်အတူ လုပ်ကိုင်ကြသော အဖော်နှစ်ယောက်ပါ နားခွင့်ရလေပြီ။ ထိုအဖော်နှစ်ယောက်ကို ဆရာမဖြစ်သည့် ကေကေယုံက ကွပ်ကဲအုပ်ချုပ်ရသည် ။ ကလေးတွေရဲ့ ဝေယျာဝစ္စ သန့်ရှင်းရေးကို ထိုအဖော်နှစ်ယောက်က ပြုလုပ်ပေးရသည် ။

နေ့ကလေးထိန်းကျောင်း ဖွင့်ထားသော ဒေါ်မြအေးက ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသော မိတ်ဆွေများ နှင့် ရင်းနှီးသဖြင့် ထိုမိတ်ဆွေတွေက သူတို့ ကလေးတွေကို နေ့ဘက်လာအပ်ကြသည် ။

ဒေါ်မြလေးရဲ့ ကလေးထိန်းကျောင်းက သန့်သန့်ရှင်းရှင်းနှင့် အဆင့်အတန်းရှိသော ကျောင်းလေးတစ်ကျောင်းပါ။ ကလေးလေးငါးဆယ်ရှိ၍ ဝင်ငွေလည်း အတော်လေးကောင်းသည့် ကျောင်းပါ။

ဒေါ်မြလေးနှင့် ကေကေယုံရဲ့ မိခင်ဒေါ်ငွေယုံတို့ သည် ကျောင်းနေ

ဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ ဘွဲ့ရပြီး အလုပ်မရှိသေးသော ကေကေယုံကို ဒေါ်မြလေးက ကလေးထိန်းကျောင်းတွင် လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ကေကေယုံက နားနေခိုက် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေစဉ် အဖော်အမျိုးသမီးက သူ့ကို လာပြောသည်။

"ဆရာမကို ဒေါ်မြလေး ခေါ်နေတယ်"

"ဩော်...ဟုတ်ကဲ့"

ကေကေယုံက ဖတ်လက်စစာအုပ်ကို ဘေးချထားပြီး ဒေါ်မြလေးထံသို့ သွက်သွက်ထွက်ခဲ့သည် ။ ထူးထူးဆန်းဆန်း ဒေါ်မြလေးက ဘာကြောင့် နေ့လယ်နေ့ခင်းမှ ခေါ်သည် ကို တွေးနေသည်။

"ရန်ကုန်ကများ ဖုန်းတွေဘာတွေ လာလို့ လား"

"အိမ်က ဖေဖေတို့ နေများ မကောင်းလို့ လား"

ဘာအကြောင်းမှ မသိရသေးခင် ရန်ကုန်တွင် ကျန်ရစ်ခဲ့သော မိဘများ ဆီသို့ စိတ်ကရောက်ပြီး ပူသွားသည်။ ဒေါ်မြလေးရဲ့ အခန်းထဲသို့ ဝင်လိုက်သည်။

ဒေါ်မြလေးက ကုလားထိုင်ပေါ်တွင် ထိုင်ပြီး စာတစ်စောင်ကို ဖတ်နေသည်။ ကေကေယုံရဲ့ ခြေသံကိုကြားပြီး မော့၍ လှမ်းကြည့်သည်။

"အန်တီလေး ခေါ်တယ်ဆိုလို့ "

"ဟုတ်တယ် ကေကေ၊ လာထိုင်ပါဦးကွယ်"

ဒေါ်မြလေးရဲ့ မျက်နှာက အနည်းငယ် ညှို့မှိုင်းနေသည် ကို ကေကေယုံက သတိပြုမိသည်။

"မေမေတို့ ဆီက စာလားဟင်"

"မဟုတ်ပါဘူး ၊ အန်တီလေးရဲ့ အစ်ကို့ဆီကပါ"

"တော်ပါသေးရဲ့ ၊ ယုံ့စိတ်ထဲ မေမေတို့ ဆီက ဘာအကြောင်းများ လာလို့ လဲထင်ပြီး စိတ်ပူသွားတယ်"

"မဟုတ်ပါဘူး ယုံလေးရယ်။ အန်တီလေးရဲ့ စင်ကာပူမှာ ရှိတဲ့ အစ်ကို့ဆီကပါ"

"ယုံ့ကို ဘာလို့ ခေါ်တာလဲဟင်"

သူ့ကိုခေါ်ပြီး စကားမစသေးသော ဒေါ်မြလေးကို ကြည့်ပြီး ကေကေယုံက ထပ်မေးလိုက်သည် ။ ဒေါ်မြလေးက ပြောရမည့်စကားအတွက် တုံ့ဆိုင်းနေသည် ။ ခဏကြာမှ စကားကိုစပြောသည် ။

"ဒီစာလေးကို ဖတ်ကြည့်ပါ ယုံလေး"

"အန်တီလေးရဲ့ အစ်ကို့ဆီကစာက ယုံနဲ့ ပတ်သက်နေလို့ လားဟင်"

"ယုံလေးနဲ့ လဲ ပတ်သတ်နေတာပေါ့ကွယ်"

"ယုံ မဖတ်တော့ပါဘူး။ အကြောင်းရင်းကို သာပြောပါ။ အန်တီလေး ရယ်"

ဒေါ်မြလေး က မပြောသေးဘဲ ပင့်သက်တစ်ခုကို ရှိုက်လိုက်သည် ။ မိခင်ရဲ့ သူငယ်ချင်း အပျိုကြီးဖြစ်သော ဒေါ်မြလေးကို ကေကေယုံက အဒေါ်တစ်ယောက်ကို ခင်ပါသည် ။

ဒေါ်မြလေး စိတ်အကျဉ်းအကျပ် တစ်စုံတစ်ရာနှင့် ဆုံတွေ့နေရသည် ။ ဆိုတာကိုလည်း ရိပ်စားမိသည် ။ ဒေါ်မြလေးက ထိုကိစ္စကိုပြောရန် ဝန်လေးနေသည် ဆိုတာကိုလည်း မှန်းဆမိသည် ။ ဒါကြောင့် ကေကေယုံ

ကပဲ စကားလမ်းခင်းပေးလိုက်သည်။

"အန်တီလေးကို ကြည့်ရတာ တစ်ခုခုကို စိတ်ညစ်နေသလိုပဲ"

"ဟုတ်တယ် သမီးရယ်။ အန်တီလေး သမီးကို ပြောရမှာ ခက်နေတယ်"

"ပြောပါ အန်တီလေး ၊ မပြောရင် မပြီးတဲ့ ကိစ္စဆိုရင် ယုံ့ကို ပြောပြပါ"

"အင်း...သမီးလေးအတွက် အန်တီလေး  တကယ် စိတ်မကောင်းပါဘူးကွယ်"

"ဘာဖြစ်လို့ လဲ အန်တီလေး"

"ဒီအိမ်က အန်တီလေးရဲ့ အစ်ကိုအိမ်ဆိုတာ သမီး သိတယ်နော်"

"ဟုတ်ကဲ့"

"အခု သူက ဒီအိမ်ကို ရောင်းတော့မယ်တဲ့ ၊ စင်ကာပူက သူတို့ မိတ်ဆွေထဲက ဝယ်မှာ တဲ့ ကွယ်"

"ဟင် ဒါဆို ဒီကျောင်းက ဘယ်လိုလုပ်ရမှာ လဲဟင်"

"နှစ်လအတွင်း ကျောင်းကို ပိတ်ပစ်ရမယ်တဲ့ ကွယ်။ အန်တီလေး စိတ်မကောင်းလိုက်တာ"

"ဒါဆို ယုံလဲ အလုပ်လက်မဲ့ ဖြစ်သွားပြီပေါ့နော်"

"ဟုတ်တယ် ယုံလေးရယ်။ အားလုံးအတွက် အန်တီလေး စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဒီအိမ်က အန်တီလေး ပိုင်တာ မဟုတ်ဘူး လေ။ မိသားစုနဲ့ တော့ မိသားစုသဘောက ရှိသေးတယ်  မဟုတ်လား"

"ဟုတ်ပါတယ် အန်တီလေး"

"ဒါကြောင့် သမီး ရန်ကုန်မှာ ကြိုတင်ပြီး အလုပ်ရှာနိုင်အောင် အန်တီလေးက ကြိုပြောထားပါ"

"ဒီမှာ ပဲ တစ်နေရာရာ ဌားဖွင့်ရင်ကောဟင်"

"အိမ်လခစရိတ်က ကြီးလှပါတယ် ယုံလေးရယ်။ ဘယ်လိုမှ အလုပ်ဖြစ်နိုင်မှာ မဟုတ်ဘူး "

"ဟုတ်ပါရဲ့ အန်တီလေးရယ်"

ကေကေယုံက စိတ်ညစ်ပြီး မျက်နှာလေး ညှိုးကျသွားသည် ။ ကေကေယုံအတွက် ဒေါ်မြလေးက စိတ်မကောင်းဖြစ်နေသည် ။

"ရန်ကုန်က အန်တီလေးရဲ့ တိုက်ခန်းက သမီးသိတဲ့ အတိုင်းပဲ၊ ကျဉ်းကျဉ်းလေးရယ်၊ ဧည့်ခန်းမှာ ဆက်တီတစ်စုံတောင် ချလို့ ရတာ မဟုတ်တော့ ဒီအလုပ်ကို မလုပ်နိုင်ဘူးပေါ့ကွယ်"

"ဟုတ်ပါတယ် ၊ အန်တီလေးရဲ့ စားဝတ်နေရေး အတွက်ရော ဘယ်လိုစီစဉ်မလဲဟင်"

"အစ်ကိုက လစဉ်စရိတ်ကို သူ ထောက်ပံ့မယ်တဲ့ ၊ စင်ကာပူလာချင်လဲ လိုက်လာလို့ ပြောတယ်"

"တော်ပါသေးရဲ့ အန်တီလေးအတွက် အဆင်ပြေလို့ "

ဒေါ်မြလေးအတွက် ကေကေယုံက ပင့်သက်ကိုချလိုက်သည် ။

"ရန်ကုန်မှာ သမီးအတွက် အန်တီလေးလဲ အလုပ်စုံစမ်းပေးမှာ ပါကွယ်"

"ဟုတ်ကဲ့"

"သမီးက ဘာအလုပ်မှာ ဝါသနာပါသေးလဲ"

"ယုံကလေးတွေကို ချစ်တတ်တော့ သူတို့ နဲ့ နေရတဲ့ အလုပ်ကိုပဲ လုပ်ချင်တယ်"

"ဒါဆို ကလေးထိန်းကျောင်းမှာ ပဲ လုပ်ချင်တယ်ပေါ့"

"ဟုတ်ကဲ့"

"အန်တီလေး စုံစမ်းပေးပါ့မယ်ကွယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီလေး"

"သမီးအတွက် အန်တီလေး တတ်နိုင်သလောက် ကူညီပါ့မယ်ကွယ်"

"ကလေးတွေ နိုးခါနီးပြီမို့ ယုံ သွားလိုက်ဦးမယ်"

"အေးပါကွယ်"

ကျောခိုင်းသွားသော ကေကေယုံကိုကြည့်ပြီး ဒေါ်မြလေးက စိတ်မကောင်းစွာ ပင့်သက်ချလိုက်သည် ။ ကေကေယုံကလည်း အခြေကျနေပြီဖြစ်သော အလုပ်တစ်ခု ပျက်သုဉ်းသွားရမှာ ကို စိတ်မချမ်းမြေ့စွာ ခံစားနေရသည် ။

"ဒီအကြောင်းကို မေမေတို့ ကြားရင် စိတ်မကောင်းဖြစ်ကြမှာ ပဲ"

"ညီမလေး ဝေအတွက် ငါက ကျောင်းစရိတ်ကို ထောက်နေတယ်။ ဒီအတိုင်းဆိုရင် ဖေဖေ့အပေါ်မှာ ပဲ တာဝန်တွေ ပုံတော့မှာ ပဲ"

ကေကေယုံကို၏ ဖခင်ဦးမြတ်သင်းသည် ဌာနတစ်ခုတွင် ညွှန်ကြားရေးတစ်ယောက်ဖြစ်သည် ။ သင့်တင့်သောရာထူးဖြင့် မကြောင့်မကြနေနိုင်သော်လည်း ချမ်းသာသည့်စာရင်းမှာ မဝင်ပါ။

အငြိမ်းစားယူရမည့် ကာလအတွက် သုံးနှစ်တာလိုတော့သော ဖခင်ရဲ့ အိမ်ဝတ္တရားများကို ကေကေယုံက ဖဲ့ယူတာဝန်ယူထားသည် ။

တက္ကသိုလ်တက်နေသော ညီမလေး ဝေဝေယုံအတွက် ကျောင်းစရိတ်ကို သူထောက်ပံ့ခဲ့သည် ။ သူ အလုပ်လက်မဲ့ဖြစ်သွားလျှင် ဝေဝေယုံရဲ့ ကျောင်းစရိတ်ကို မထောက်နိုင်တော့မှာ ကို တွေးပြီးစိတ်မကောင်းဖြစ်နေသည် ။

"ဖေဖေက ဝေ့ရဲ့ ကျောင်းစရိတ်ကို ပေးနိုင်ပါတယ်။ ဒါပေမဲ့ ငါ တာဝန်ယူထားတဲ့ ကိစ္စကို ငါပဲပြီးဆုံးအောင် ဆောင်ရွက်ပေးချင်တယ်"

မိဘများကို သိတတ်နားလည်သော သမီးပီပီ ကေကေယုံက အလုပ်လက်မဲ့ဖြစ်မှာ ကို လွန်စွာစိတ်မကောင်း ဖြစ်နေသည် ။

စဉ်းစားတွေဝေရင်းနှင့် အိပ်နေဆဲရှိနေသော ကလေးတွေကို ငေးကြည့်နေသည် ။""

"ဒီကလေးတွေနဲ့ လဲ သံယောဇဉ်အတော်ဖြစ်နေပြီးမှ ခွဲရတော့မှာ ပါလား"

ခွဲခြားခြင်းမှာ စိတ်ထိခိုက်ဖွယ်ရာများ နှင့်သာ ပြည့်နှက်နေပါလားလို့ ကေကေယုံက တွေးနေသည် ။

*****

ညအိပ်ရာဝင်ချိန်တွင် ကေကေယုံက အကျိုးအကြောင်း အပြည့်အစုံကို မိဘများ ထံ စာရေးအကြောင်းကြားလိုက်သည် ။

"မနက်ဖြန်ကစပြီး ကျောင်းသားမိဘတွေကို နှစ်လအကြာမှာ ကျောင်းပိတ်မယ့်အကြောင်းကို ပြောရတော့မယ်"

မိဘများ ကလေးတွေကို တခြားကျောင်းတွင် ပြောင်းထားရန် စီစဉ်နိုင်ရန် အချိန်ကာလကို ပေးရတော့မည်ဖြစ်သည် ။ အတွေးတွေ ချာချာလည်ပြီး ကေကေယုံက အိပ်မပျော်နိုင်အောင်ဖြစ်နေသည် ။

*****

ကေကေယုံ ရေးလိုက်သော စာကို ဒေါ်ငွေယုံက ရရှိပြီး ဖောက်ဖတ်လိုက်သည် ။ ကေကေယုံက နေ့ကလေးထိန်းကျောင်း ပိတ်ထားရတော့မည်ဖြစ်ပြီး ကေကေယုံ အလုပ်လက်မဲ့ ဖြစ်ရတော့မည်ဆိုတာ သိပြီး စိတ်မကောင်းပါ။

ခင်ပွန်းသည် ရောသမီးငယ်ပါ အလုပ်နှင့် ကျောင်းမှ ပြန်ရောက်ပြီး ညစာစားပြီးအချိန်မှာ ထိုအကြောင်းကို ဒေါ်ငွေယုံက ပြောပြသည် ။

"နေ့ခင်းက သမီးဆီက စာလာတယ် အစ်ကိုကြီး"

"ဟုတ်လား၊ သမီးကြီး နေကောင်းတယ် မဟုတ်လား"

"နေကောင်းပါတယ်၊ ဒါပေမဲ့"

ဒေါ်ငွေယုံက စိတ်မကောင်းသဖြင့် စကားကိုမဆက်သေးဘဲ ရှိနေသည် ကို ဆန္ဒစောစွာ ဝေဝေယုံက မေးသည် ။

"မမကြီး ဘာဖြစ်လို့ လဲ မေမေ"

"နောက်နှစ်လဆိုရင် သူတို့ ကျောင်းပိတ်ရတော့မယ်။ အဲဒါသူ့ကို ရန်ကုန်မှာ အလုပ်စုံစမ်းထားပေးပါတဲ့ "

"ဟင်..ဟုတ်လား၊ ဘာဖြစ်လို့ လဲ မငွေယုံရယ်"

"မြလေးရဲ့ အစ်ကိုက သူ့အိမ်ကို ရောင်းပြီးနေလို့ တဲ့ "

"သြော်... ဒီလိုဆိုရင် မြလေးရဲ့ ကျောင်းက ပိတ်ရတော့မှာ ပေါ့"

"မမကြီး အလုပ် မရှိရင် ဝေ့ကို ကျောင်းစရိတ် ဘယ်ပေးနိုင်တော့မလဲနော်"

"သမီးလေးရယ် မမကြီး ကျောင်းစရိတ်မပေးနိုင်ရင် ဖေဖေ ပေးမှာပေါ့ကွယ်"

"ဟုတ်သားပဲ သမီးလေးရယ်"

စိတ်ပျက်အားငယ်နေသော ဝေဝေယုံကို မိဘနှစ်ပါးက အားပေးလိုက်သည် ။

"သမီးကြီးအတွက် အလုပ်ရှာရတော့မှာ ပေါ့ကွယ်"

"ဟုတ်တယ် အဖေကြီး၊ သမီးကြီးကို ကြည့်ရတာ စိတ်မကောင်းဖြစ်နေပုံပဲ။ အားပေးလိုက်ပါဦး"

"ကောင်းပြီ၊ မနက်ဖြန် ကိုယ် သူ့ဆီကို ဖုန်းဆက်လိုက်မယ်"

စားသောက်ပြီးစီးသော ပန်းကန်များကို ဝေဝေယုံက သိမ်းဆည်းသွားသည် ။

"သမီးကြီး အလုပ်မရှိတော့ပေမယ့် အိမ်ပြန်လာမှာ ကိုတော့ ကျွန်မဝမ်းသာပါတယ်"

"ဟုတ်တာပေါ့ကွာ။ သမီးကြီးနဲ့ မတွေ့ရတာတောင် အတော်ကြာနေပြီ"

"အစ်ကိုကြီးနဲ့ မိတ်ဆွေတွေဆီမှာ ပဲ သမီးကြီးအတွက် စုံစမ်းပေးဦးလေ"

"အေးပါကွယ်၊  ဒါပေမဲ့ သမီးကြီးက သူ ဝါသနာပါတဲ့ အလုပ်ပဲ လုပ်ချင်နေတာ"

"ဟုတ်ကဲ့ရှင်၊ ကျောင်းဆရာမ အလုပ်ပဲ သူက လုပ်ချင်နေတာ"

"ဒီရန်ကုန်က တက္ကသိုလ်တစ်ခုခုမှာ အလုပ်ရရင်လဲ ကောင်းသား"

"အေးလေ၊ ကြိုးစားကြည့်ရမှာ ပေါ့၊ နေ့တိုင်း သတင်းစာမှာ အလုပ်များ ခေါ်သလားလို့ ကြည့်ပါဦးကွာ"

"ဟုတ်ကဲ့"

ကေကေယုံ အလုပ်ရရှိရေးအတွက် မိဘနှစ်ပါးရဲ့ တာဝန်ပါရှိနေကြပါပြီ။

*****

(၂)

မကြုံတွေ့ချင်သော အဖြစ်အပျက်များကို နှစ်လတာကာလ ကုန်ဆုံးပြီးသည့်နောက် ကြုံတွေ့ရပါပြီ။

ဒေါ်မြလေးရဲ့ ကလေးထိန်းကျောင်း ပိတ်လိုက်ရပါပြီ။ အိမ်ဝယ်ထားသူများ ပြောင်းလာတော့မည်မို့ တစ်ပတ်အတွင်း ကေကေယုံတို့ အိမ်မှ ဖယ်ရတော့မည်ဖြစ်သည် ။

ကေကေယုံက သူနှင့်သက်ဆိုင်သော ပစ္စည်းများကို သိမ်းဆည်းပြီးပြီဖြစ်သည် ။

"ယုံလေးရေ သမီး ဘယ်နေ့ ရန်ကုန်ပြန်မှာ လဲ"

"မနက်ဖြန် လက်မှတ်ဝယ်ပြီး သန်ဘက်ခါပြန်မယ်"

"ရထားနဲ့ ပဲ ပြန်မှာ ပေါ့"

"ဟုတ်ကဲ့ အန်တီလေး"

"အန်တီလေး ဒီကကိစ္စလေးတွေ ပြတ်မှ ဆိုတော့ နောက်အပတ်မှ ပဲ ပြန်ဖြစ်မယ်"

"ယုံ နေပေးစရာ လိုသေးလားဟင်"

"ရပါတယ်ကွယ်၊ တည်းခိုခန်းကို ပြောင်းပြီးနေမှာ ဆိုတော့ သမီးအတွက် စရိတ် တက်နေပါ့မယ်"

"ဟုတ်ကဲ့ အန်တီလေး ၊ ယုံ သန်ဘက်ခါပဲ ပြန်တော့မယ်"

"ရန်ကုန်ရောက်ရင် သမီးအတွက် အန်တီလေး အလုပ်ရှာပေးမယ် နော်၊ စိတ်ဓာတ်မကျနဲ့ "

"ဟုတ်ကဲ့"

စိတ်ဓာတ်မကျနဲ့ ဆိုတော့မှ ကေကေယုံက ဝမ်းနည်းသွားသည် ။ နေသားကျနေသော အလုပ်တစ်ခု စွန့်လွှတ်လိုက်ရသည့်အတွက် စိတ် အလွန်ထိခိုက်သည် မှာ အမှန်ပါ။

******

ကေကေယုံက အထူးတွဲမှာ လက်မှတ်ဝယ်သည် ။ သူ့ရဲ့ ပစ္စည်းအချို့ ကို တန်ဆာတင်လိုက်သည် ။ ညနေဘူတာသို့ ဆင်းသည့်အခါ ဒေါ်မြ လေးက လိုက်ပို့သည် ။

ဒေါ်မြလေးကို နှုတ်ဆက်ပြီး သူ့တစ်နိုင် ပစ္စည်းတွေကိုသယ်ပြီး စီးရ မည့်တွဲဆီသို့ လာခဲ့သည် ။ လေးပင်သော အထုပ်အပိုးတွေနှင့် တက်လို က်စဉ် မသပ်မရပ် ဖြစ်နေသည် ။

ထိုစဉ် တွဲပေါ်က ဆင်းလာသူနှင့်ဆုံပြီး ရှောင်အလိုက် ယိုင်ထိုးပြီး နောက်ပြန်လန်ကျမလို ဖြစ်သွားသည် ။ ဆင်းလာသော အမျိုးသားက သူ့ကိုရော၊ သူ့အိတ်ကိုပါ ဖမ်း၍ ဆွဲလိုက်သည် ။

"ဆောရီးနော်"

"ရပါတယ်၊ မတိုက်မိပါဘူး။ ကျွန်မက ကိုယ့်ဘာသာကိုယ်

မနိုင်ဘဲဖြစ်သွားတာပါ"

သူ့အပြစ်မဟုတ်ဘဲ ယဉ်ကျေးသိမ့်မွေ့ တောင်းပန်နေသူတို့ ကေကေယုံက ပြန်၍ ယဉ်ကျေးစွာပြောသည် ။ မွန်ရည်သန့်ပြန့်၍ အလွန်ကြည့်ကောင်းသော ထိုလူကို တဒင်္ဂတွေ့ဆုံခိုက်မှာ ကေကေယုံ၏ နှလုံးသားလေး သိသိသာသာ လှုပ်ယမ်းသွားသည် ။

တည်ငြိမ်သော အပြုံးများ နှင့် ထိုသူကကြည့်ပြီး ခေါင်းဆတ်ဆတ် နှုတ်ဆက်ကာ ထွက်သွားသည် ။ တစ်ခါမှ မလှုပ်ရှားဖူးသော ကေကေယုံရဲ့ နှလုံးသားလေး ငှက်ကလေးနားပြီး ပြန်ထွက်သွားစဉ် ကျန်ရစ်ခဲ့သော သစ်ကိုင်းလေးလို လှုပ်ခတ်ပြီး ကျန်ရစ်ခဲ့သည် ။

မနိုင်မနင်းသော အထုပ်အပိုးတွေနှင့် တွဲပေးတက် လာပြီး သူ့ထိုင်ခုံကိုရှာသည် ။ တွေ့တော့မှ ထိုင်ခုံပေါ်ရှိစင်တွင် အထုပ်အပိုးအချို့ကို တင်လိုက်သည် ။ ဆိုဖာကုလားထိုင်ပေါ် ထိုင်လိုက်ရင်း မောဟိုက်လှုပ်ခတ်မှုကို ဖြေလျှော့လိုက်သည် ။

ရထားက ထွက်တော့မည် ဖြစ်သည် ။ စောစောက တွဲအတက်အဆင်းမှာ ဆုံခဲ့ရသောသူ တွဲပေါ်သို့ တက်လာသည် ကို မတွေ့၍ ကေကေယုံက တွေးနေသည် ။

"စောစောကလူ ဘာလို့ တွဲပေါ် မတက်လာသေးတာလဲ၊ သူက ခရီးသွားတာမဟုတ်ဘဲ သွားတဲ့ တစ်ယောက်ယောက်ကို လိုက်ပို့တာလား"

"မပြန်လာပုံထောက်တော့ ဖြစ်နိုင်တာပေါ့"

ဘာကြောင့်မှန်းမသိ ထိုသူ့ကို ထပ်မတွေ့ရတော့ဘူးဆိုသော အသိနှင့် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည် ။

"ဟော…သူ လာပြီ"

လှေကားဆီသို့ အကြည့်ကိုပို့ထားရင်း ထိုသူတက်လာသည် ကို တွေ့ပြီး ကေကေယုံက မျက်နှာလေး ဝင်းလက်အောင် ဝမ်းသာသွားသည် ။ ထိုသူက တွဲပေါ်တက် လာပြီး ကေကေယုံရဲ့ ဘေးကနေ နောက်ဘက်ဆီသို့ လျှောက်သွားစဉ် ကေကေယုံထံသို့ အကြည့်တစ်ခု ပေးသွားပြန်သည် ။

ထိုအကြည့်ထဲတွင် ပြုံးယောင်ဝေ့ဝေ့တွေပါသွားသည် ကို ကေကေယုံ ခံစားလိုက်ရသည် ။

"ဩော်...သူလဲရန်ကုန်ကို သွားမှာ ကိုး"

သူ စီးနင်းလိုက်ပါသော ရထားတွဲတွင် ထိုသူ လိုက်ပါလာသည် ဆိုတာသိပြီး ကေကေယုံ ဝမ်းသာသွားသည် ။

ကွန်ပျူတာ တက္ကသိုလ်မှ ကထိက မိုးလွင်သိန်းရဲ့ ရင်ထဲမှာ လှေကားတွင် တွေ့ဆုံခဲ့ရသော မိန်းမချောလေးကြောင့် ရင်ခုန်ခဲ့ရသည် ကအမှန်ပါ။

အရပ် မနိမ့်မမြင့်၊ ကိုယ်လုံးသွယ်သွယ်၊ ဝင်းစိုနေသော အသားအရေနှင့် အလွန်လှပတင့်တယ်နေသော မိန်းမချောလေးသည် ဘယ်သူပါလိမ့်ဆိုသော အတွေးက စိတ်ထဲဝင်လာသည် ။

"အရွယ်လေးက နုနုနဲ့ သိပ်ကိုလှတဲ့ မိန်းကလေးပဲ၊ သူက မန္တလေးသူလေးလား"

ကေကေယုံနှင့် ပတ်သက်သည့် အကြောင်းတွေကို သိချင်လှပေမယ့် ခရီးသွားစဉ်မှာ မို့ ကေကေယုံကို ဘယ်လိုမှ ရင်းနှီးအောင် မပြုနိုင်ပါလား။ ထိုင်ခုံချင်းက အလှမ်းကွာနေတော့ အခြေအနေက အခွင့်အရေးနည်းနေသည် ။

ကေကေယုံရဲ့ ဘေးထိုင်ခုံက ခပ်ဝဝမိန်းမကြီးကို မလိုတမာပင်ဖြစ်သွားသည် ။

"အဲဒီမိန်းမကြီးရဲ့ ထိုင်ခုံက ငါ့ထိုင်ခုံဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ"

ကေကေယုံကသူ့ရဲ့ နောက်ကျော သုံးလေးခုံခြားထားသော မိုးလွင်သိန်းထံသို့ လှည့်ကြည့်ခွင့်မသာပါ။ အိမ်သာသို့ ထအသွား မိုးလွင်သိန်းရဲ့ ထိုင်ခုံအနားက ဖြတ်သွားစဉ် အကြည့်ချင်းဆုံမိကြသည် ။

နှစ်ဦးစလုံးရဲ့ ရင်မှာ လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားသော်လည်း သူစိမ်းတစ်ရံမို့ တစ်ယောက်ကိုတစ်ယောက် အပြုံးလေးပင် မပေးမိကြပါ။

မိုးလွင်သိန်းက ဘူတာတစ်ခုသို့ရပ်တိုင်း အောက်ကို တမင်ဆင်းသည် ။ ထိုသို့အဆင်းမှာ ဖြတ်သွားဖြတ်လာတိုင်း ကေကေယုံကို တွေ့မြင်ရသဖြင့် ကြည်နူးခြင်းအရသာကို ခံစားလိုက်ရသည် ။

သူထိုင်ခုံမှာ ထိုင်ရင်း သူ့စိတ်တွေက ကေကေယုံထံသို့ ရောက်နေသည် ။ တက္ကသိုလ်က ကထိက ဆရာတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာသည် ကေကေယုံနှင့်တွေ့မှ နည်းနည်းပွန်းပဲ့သွားပါလားလို့ သူ့ကိုယ်သူတွေးပြီး ရှက်ပြုံးလေးပင် ပြုံးလိုက်သည် ။

"မိန်းကလေး တော်တော်များများ ငါတွေ့ဆုံရင်းနှီးခဲ့တာပဲ။ ဒါပေမဲ့ သူ့လောက် ငါစိတ်မဝင်စားခဲ့ဖူးဘူး"

"ဘာကြောင့်မှန်းမသိဘူး။ ဒီမိန်းကလေးက ငါ့ကိုသိပ်ဖမ်းစားနိုင်တယ်"

"ခရီးသွားရင်း ခဏတာ ကြုံတွေ့ရပြီး ဘယ်သူဘယ်ဝါ ဘယ်ဆီနေ

မှန်း မသိတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမိတာ ငါ့ဒုက္ခကို ငါ ရှာတာပဲ"

မိုးလွင်သိန်းက ဆယ်ကျော်သက်လေးလို လှုပ်ခတ်သွားသော စိတ်ကိုထိန်းပြီး တစ်မှေးလောက်အိပ်ပျော်ရန် ကြိုးစားလိုက်သည်။

ကေကေယုံကလည်း တစ်ယောက်တည်း ပျင်းပျင်းနှင့်ငိုက်ရင်း မှေးခနဲ အိပ်ပျော်သွားသည်။ မှေးလိုက် နိုးလိုက်နှင့် နံနက်မိုးလင်းပါပြီ။ တွဲထဲမှာ စားသူကစား၊ မျက်နှာသစ်သူက သစ်နှင့် လှုပ်လှုပ်ရွရွဖြစ်လာသည်။

ကေကေယုံက အပေါ့အပါးသွားပြီး သွားတိုက်မျက်နှာသစ် လိုက်သည်။ ဘေးကအမျိုးသမီးကြီးက သူသောက်နေသော အကြမ်းရေနှင့်မုန့်ကို ကေကေယုံအား ကျွေးသည်။

"ရပါတယ် အန်တီ၊ ကျွန်မဆီမှာ လဲ ပါပါတယ်"

ကေကေယုံက သူ့ထံတွင် ပါသော မုန့်ကို ထိုအမျိုးသမီးကြီးအား ကျွေးသည်။

"ရန်ကုန်ကို သွားလည်မှာ လား"

"မဟုတ်ပါဘူး၊ ရန်ကုန်ကို ပြန်မှာ ပါ"

"သြော်...."

စကားနည်းသော အမျိုးသမီးကြီးက စားသောက်ပြီး စိပ်ပုတီးစိပ်ကာ လိုက်ပါလာသည်။ တဖြည်းဖြည်း အရဏ်လင်းလို့ နေမင်းကြီးလည်း ပြူထွက်လာပါပြီ။

သတ္တလောကကြီး တစ်ခုလုံးကို ရွှင်လန်းတက်ကြွစွာ နှုတ်ဆက်ပြီး

သူလုပ်ရမည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါတော့သည် ။

ရထားကြီးက ရန်ကုန်ဘူတာကြီး အတွင်းသို့ ခြေကုန်လက်ပန်းကျ နေသည့် ပုံစံနှင့်ဝင် လာပြီး ရပ်တန့်သွားသည် ။ ရထားပေါ်မှ ကေကေ ယုံကဆင်းသည် ။ စကြိုတွင် မိုးလွင်သိန်းနှင့် တစ်ချက်မျက်နှာချင်းဆိုင်ပြီး ကိုယ့်အာရုံနှင့် ကိုယ်မို့ ထပ်မဆုံဖြစ်တော့ပါ။

လာကြိုနေသော ဖခင်ကိုတွေ့ပြီး သူ့ထံသို့ ကေကေယုံက ပြေးသွားသည် ။ ဦးမြတ်သင်းက သမီးကိုလက်ကမ်းပြီးကြိုနေသည် ။ ကေကေယုံက ဖခင်ရဲ့ လက်မောင်းတွေကို ဖက်တွယ်လိုက်သည် ။

"ဖေဖေ တစ်ယောက်တည်းလား"

"ဟုတ်တယ် သမီး"

"မေမေရော နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ အိမ်မှာ သမီးပြန်လာရင် စားသောက်ဖို့ စီစဥ်နေလို့ ကျန်ခဲ့တယ်"

"သမီး ပစ္စည်းတွေရော"

"ခဏနော် ဖေဖေ၊ သွားယူလိုက်ဦးမယ်"

ပစ္စည်းများကို ယူပြီး ဖခင်လာကြိုသောကားနှင့် လိုက်ပါလာသည် ။ ကေကေယုံကို ခပ်လှမ်းလှမ်းက တွေ့မြင်လိုက်ရပြီး ခွဲခွာခြင်းအတွက် ရင်ထဲမှာ ဟာတာတာကြီးဖြစ်သွားသည် ။

ကေကေယုံက ကားပေါ်ရောက်ပြီးမှ မိုးလွင်သိန်းကိုတွေ့လိုတွေ့ငြား ဝေ့ဝဲပြီးရှာကြည့်သည် ။

"သမီး ဘယ်သူ့ကိုရှာတာလဲ"

"မရှာပါဘူး ဖေဖေ"

ဖခင်ဖြစ်သူကို လိမ်ညာပြောလိုက်ပြီး ဝေ့ယမ်းသွားသော အကြည့်ကို သိမ်းလိုက်သည် ။ မိုးလွင်သိန်းကို မတွေ့ရတော့သည့်အတွက် ရင်ထဲမှာ ဝမ်းနည်းသလိုကြီး ဖြစ်သွားသည် ။

"လူကြီးရယ် ရှင်နဲ့ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူး ထင်ပါရဲ့ "

"ရှင့်ကို ကျွန်မ ရင်ထဲမှာ တမ်းတမ်းတတလေး ဖြစ်သွားတာကို ရှင်သိလိုက်မှာ မဟုတ်ပါဘူး"

"သမီး ငြိမ်လှချည်လား။ မန္တလေးကို လွမ်းနေပြီလား"

"ဟုတ်တယ် ဖေဖေ၊ ယုံထိန်းရတဲ့ ကလေးတွေကို သတိရနေတယ်"

"နောက်အလုပ်တစ်ခုကို ဝင်လိုက်ရင် သမီးကြီး အဲဒီလွမ်းတာတွေ ပျောက်သွားမှာ ပါ"

"ယုံ့အတွက် အလုပ်ရှာလို့ တွေ့ပြီလား ဖေဖေ"

"မတွေ့သေးပါဘူးကွယ်"

အလုပ်တစ်ခု မရသေးသည့်အတွက် ကေကေယုံ စိတ်မရွှင်အောင် ခံစားသွားရသည် ။

"မမြလေးက ဘယ်တော့ပြန်လာမှာ လဲ"

"တစ်ပတ် နှစ်ပတ်လောက်နေမှ ပြန်လာမယ် ဖေဖေ"

"သူက မလုပ်ဘဲ၊ မကိုင်ဘဲ ထိုင်စားလို့ ရတဲ့ သူဆိုတော့ အဆင်ပြေတာပေါ့"

"အန်တီလေးက ယုံအတွက် အလုပ်ရှာပေးမယ် ပြောတယ်"

"အင်း သူရှာပေးမယ်ဆို ဖြစ်နိုင်တာပေါ့"

သားအဖနှစ်ယောက် စကားတပြောပြောနှင့် မောင်းလာခဲ့သည် မှာ အိမ်သို့ရောက်ပါပြီ။ ဦးမြတ်သင်းက အိမ်ရှေ့တွင် ကားရပ်ပြီး ဟွန်းသံပေးသည် ။

"ဟော..မေမေရေ၊ မမကြီးနဲ့ ဖေဖေတို့ ပြန် လာပြီ"

ဝေဝေယုံက မီးဖိုထဲတွင် မိခင်ကို ကူလုပ်ပေးနေရင်းကနေ ပြေးထွက်လာသည် ။ ဧည့်ခန်းပေါက်ဝမှာ ညီအစ်မနှစ်ယောက်ဆုံသည် ။

"မမကြီး ဝေ့အတွက် ဘာလက်ဆောင်ပါလဲ"

"ကြည့်စမ်း ရောက်လာတာနဲ့ အစ်မကို ပူဆာပြီ"

ဝေဝေယုံနဲ့ နောက်ကပါလာသော မိခင် ဒေါ်ငွေယုံက ပြုံးပြုံးကြီး ဝင်ပြောသည် ။

"ပါတာပေါ့ ညီမလေးရဲ့ "

ညီမလေးကို ဖက်ပြီးပြောကာ မိခင်ကိုလှမ်းဖက်လိုက်သည် ။

"မေမေ နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်"

သမီးဖြစ်သူကို ချိုအီသော အပြုံးနှင့် ဒေါ်ငွေယုံက တုံ့ပြန်လိုက်သည် ။

"ကဲ သမီးကြီးရေ ထမင်းစားခန်းကိုသာ တစ်ခါတည်းလာ မုန့်ဟင်းခါး ချက်ထားတယ်"

"ဝေ့လက်ရာပါနော်"

"ဟုတ်ပ့ါ သမီးကြီးရေ၊ သူလျှောက်ကိုင်ထားတော့ အားလုံး သူ့လက်ရာတွေချည်းပဲ"

နောက်ပြောင် စကားအတွက် အားလုံးရယ်မောလိုက်သည် ။ မိသားစုနှင့် နွေးထွေးစွာ ပြန်ဆုံရသည့်အတွက် ကေကေယုံက အလုပ်လက်မဲ့ဖြစ်လာရသည့်အရေးကို နည်းနည်းမေ့သွားသည် ။

"ဟုတ်တယ် သမီးကြီးရေ၊ စားကြရအောင် ဖေဖေ ဘာမှ မစားရသေးဘဲ သမီးကို လာကြိုတာ"

"ဟုတ်လား၊ ဖေဖေတို့ အားလုံး ဆာနေကြပြီပေ့ါ"

"ကဲ ပြင်ပြီးသား စားကြရအောင်၊ ထိုင်ကြကွယ်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်ငွေယုံသည် အချက်အပြုတ် အလွန်ကောင်းသည် ။ မိခင်ရဲ့ မုန့်ဟင်းရည်က ကေကေယုံကို ပို၍ ဆာလောင် မွတ်သိပ်စေသည် ။

"မေမေရဲ့ ဟင်းနံ့က ယုံ့ကို ပိုပြီးဗိုက်ဆာစေတယ်"

"ဟုတ်ပါပြီ သမီးကြီးရယ်၊ ဝေးနေတဲ့ မေမေ့လက်ရာတွေကိုသာ အဝစားလိုက်ပါတော့"

"ဝေကတော့ မေမေ့လက်ရာနဲ့ မဝေးပေမယ့် အဝစားမှာ နော်"

"စားပါကွယ်၊ သမီးလေး ကြိုက်သလောက်စား"

စားသောက်ရင်းနှင့် တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ရယ်မောနေကြသည် ။ ပျော်ရွှင်စရာ အတိဖြစ်သော သီရိဂေဟာလေးဆီသို့ ပြန်ရောက်လာရသဖြင့် ကေကေယုံရဲ့ ရင်ထဲမှာ ကြည်နူးစိတ်တွေ ပြ

ည့်လှျံနေပါသည်။

သည် တစ်ခေါက် မိသားစုနှင့် မခွဲရဘဲ ရန်ကုန်တွင် ပဲ အလုပ်ရချင်ပါသည်။

*****